ဝန်ဇင်း
Read on the move

# တင်မိခိုင်

# ဖေဖေ့ရဲ့ ငှက်ကလေး

(ရသ ဝတ္ထုတိုစု)



ဖေဖေ့ရဲ့ငှက်ကလေး
တင်မိခိုင်
ရသဂုတ္တုတိုစု

## ဝမ်းသာဖွယ်ရာစာမူများ

ဆင်ဖြူကျွန်းအောင်သိန်း

“သူကတော့ ကွယ်လွန်သူ စာရေးဆရာ “စည်းစိမ်ရှင်”ရဲ့ သမီး “တင်မိခိုင်”ပါ”

တင်မိခိုင်ကို ထိုအချိန်မှစတင်ပြီး အမှတ်ထားမိပါသည်။

စာမဖတ်ဘဲ နေသည်ကား မဟုတ်။ တတ်စွမ်းသမျှ ကြိုးစားပြီး စာဖတ်ခဲ့ငြား တင်မိခိုင် အမည်သည် စွဲလမ်းမကျန်ခဲ့ပါ။ ထို့ကြောင့် တင်မိခိုင်ကိုယခုမှ သိပါသည်။

ကြယ်နီရယ်၊ မန်းတင်ရယ်၊ မောင်ထင်ရယ်၊ တင့်တယ်ရယ်၊ သန်းဆွေရယ်၊ သာစုရယ်ဟု အမှတ်ထင်ထင် ဖြစ်သွားခဲ့ရခြင်းမှာ ထိုကလောင်များ ၊ ထွန်းကားချိန်တွင် လစဉ်ထုတ်မဂ္ဂဇင်းသုံး စောင်မျှသာ ရှိခဲ့သောကြောင့် ဖြစ်သည်ဟု ထင်ပါသည်။

တင်မိခိုင်တို့ စာရေးချိန်တွင် အချိန်မှန်ထုတ် မဂ္ဂဇင်း ဂျာနယ်များပြားနေပါပြီ။ ထိုအခါတွင် များပြားသော ကလောင်များထဲတွင် ရိုးသားစွာ ရုန်းကန်ကြိုးစားနေသော ကလောင်တစ်ချောင်း ကို အမှတ်ထင်ထင် ရှိရန်မှာ မလွယ်ကူလှပေ။

ထိုတင်မိခိုင်သည် ၂၀၀၈ ခုနှစ်၊ စက်တင်ဘာလလယ်၏ တစ်ခုသော ရက်တွင် ဂုတ္တုတို ပေါင်းချုပ် စာမူတစ်ထပ်ကို လာပေး၏ ။

အမှာစာသဘောသက်ဝင်သည့် စာတစ်ပုဒ်ရေးသားချီးမြှင့် ပေးရန်ဖြစ်သည်။ သို့ဖြစ်သောကြောင့် ဂတ္တုတို ၁၅ ပုဒ်ကို ဖတ်ကြည့်ပါသည်။ ၁၉၇၈ ခုနှစ်မှ ၂၀၀၈ ခုနှစ်၊ ဇူလိုင်လအထိ ရေးသားပြီး ပုံနှိပ်ဖော်ပြခဲ့သည်တို့အနက်မှ အချို့ဖြစ်ပါသည်။

ယင်းတို့ကို ဖတ်ရှုရာတွင် ရင်တမမဖြင့် ဖတ်ရှုရ၏ ။ သည်းထိတ်ရင်ဖို စာမှုအမျိုးအစားများ ကို ဖတ်ရှုနေရသောကြောင့် မဟုတ်ပါ။ စလုံးနှင့် ဆလိမ်မကွဲပြားသူများ ဖြစ်နေမည်လော။ စကား ပြေနှင့်မှ မရေးရလျှင် ဘာမျှ မရေးတတ်သူ ဖြစ်ချေသလား။ ဟု တွေးတော စိုးရိမ်နေသော ကြောင့်ဖြစ်ပေ၏ ။

အချို့သည် စကားပြေကို ကောင်းစွာရေးတတ်သော်ငြား စကားပြေဖြင့်လည်း ရေးဦးမှပါ ဟု ဂိုဏ်းမလွတ်စေရန် ရေးကြ၏ ။ စကားပြေဖြင့် ရေးခြင်းသည် အမျိုးသားစာပေကို ချည့်နဲ့စေ သည်။ ပျက်စီးစေသည်ဟု သိသောကြောင့်မဟုတ်ပေ။ ဂိုဏ်းဝင်စေရန် ရေးကြခြင်းဖြစ်သည်။

စာပေရေးသားမှုကို စီးပွားရေး လုပ်ငန်းတစ်ခု ၊ အပိုဝင်ငွေ ရရာရကြောင်း အလုပ်တစ်ခုဟု သဘောထားသူများ များပြားလာသည်နှင့်အမျှ အမျိုးသားစာပေ၌ အလေးအနက်ထားသူ နည်းပါး လာသည်။

စင်စစ်အားဖြင့် စာပေရေးသားခြင်းသည် မယားငယ်နေခြင်း၊ လင်ငယ်နေခြင်းမဟုတ်ပေ။ အမျိုးသားရေးစိတ်ဓာတ်မပျက်စီးအောင် တည်ဆောက်ရသော အမျိုးသားယဉ်ကျေးမှုဖြစ်သည်။ သို့ရာတွင် အမျိုးသားယဉ်ကျေးမှုကို သေးသိမ်ပျက်ပြားစေလိုသူများသည် နည်းအမျိုးမျိုး၊ လမ်းအသွယ်သွယ်ဖြင့် ထိုးနှက်တိုက်ခိုက်နေကြရာ စကားပြေရေးနည်းလည်း ပါဝင်၏ ။

မည်ကဲ့သို့သော အကြောင်းပြချက်ဖြင့် စကားပြေရေးနည်းကို သုံးစွဲသည်ဖြစ်စေ။ ၆၄ လုံး ကျော်သော အသုံးအနှုန်းများ မှေးမှိန်ပျောက်ကွယ်အောင် လုပ်ပစ်ရာသို့ ရောက်သွားသည်ကား အမှန်ပင်။

ထိုအကြောင်းကို သိပါလျက်နှင့် စကားပြောကို ရေးသားသူများကား တစ်စုံတစ်ခုသော ရန်ငြိုးရန်စ မြန်မာနိုင်ငံသားများအပေါ်၌ တင်ရှိဖူးသူများဖြစ်ပေလိမ့်မည်။ ထိုအကြောင်းကို မသိ သောကြောင့် စကားပြောဖြင့် ရေးဖွဲ့သောနည်းကို သုံးစွဲမိသူများလည်း ရှိ၏ ။

တစ်မိခိုင်၏ စာမူများတွင် စကားပြောရေးဖွဲ့နည်းဖြင့် ရေးဖွဲ့ထားသော စာမူနှစ်ပုဒ်တွေ့ပါ သည်။ စကားပြေမရေးတတ်သဖြင့် စကားပြောရေးဖွဲ့နည်းကို သုံးစွဲခြင်းကား မဟုတ်တန်ရာ။ ငါ လည်း ရေးတတ်ပါတယ်ဟူ၍ မာန်စွယ်ထုတ်ပြခြင်း ဖြစ်ဖွယ်ရှိပါသည်။

စကားပြေဖြင့်ရေးမှသာ ခေတ်မီသည်။ ဟုတ်သည်ဟု အကြောင်းပြခဲ့သူများသည် စာပေ ညီညွတ်ရေးကို ဖျက်ဆီးသူများဖြစ်ကြောင်း မျက်စိကွယ်ယနေသူများမှအပ အားလုံးက မြင်ခဲ့ပါ သည်။ သိခဲ့ပါသည်။ ထိုအကြောင်းကို မည်သူကမျှ မဖော်ထုတ်သောအခါ အဖျက်သမားများသည် စာပေနယ်ပယ်ကို အထင်သေးလာ၏ ။

အထင်သေးသော အဖျက်သမားသည် စာပေသမားခေါင်းဆောင်းကို ဆောင်းလျက် စာပေ နယ်သို့ ဝင်လာ၏ ။ စင်စစ်သော်ကား သူသည် စာပေသမားမဟုတ်။ စာပေသမားအယောင်ဆောင် သာဖြစ်သည်။ အယောင်ဆောင် စာပေသမားသည် စာပေသမားအစစ်မဟုတ်။ သို့ဖြစ်သဖြင့် သူ သည် စာပေသမားကို စော်ကားကြည့်သည်။ စာပေသမားက စော်ကားခံသည်။ သူဝမ်းသာသည်။

စာပေသမားခေါင်းဆောင်းကို ဆောင်းစွပ်ထားသော အဖျက်သမားသည် အမျိုးသားစာပေ ကို မမြတ်နိုးပေ။ စလုံးနှင့် ဆလိမ်မကွဲပြားမှုကို ပြုံးကြည့်သည်။ ကျကျနနလော။ ကျနလောဟု ကျကျနန ခွဲခြားရန် အားထုတ်သူကို အနှောက်အယှက်ပြု၏ ။ အေးဆေးလော၊ အေးအေးဆေး ဆေးလောဟု အေးအေးဆေးဆေး ဆွေးနွေးနေသူကို ရန်ပြု၏ ။

အမျိုးသားစာပေကို စာပေချည်းသက်သက် ကွက်ပြီးဖျက်ဆီးရသည်မှာ နှေးကွေး၏။ အမျိုး သားယဉ်ကျေးမှု ပင်စည်ကြီးကို အမြစ်မှတူးဖြိုပစ်လျှင် အမျိုးသားစာပေ ခံနိုင်ပါမည်လော။ အဖျက် သမားသည် ဤသို့လျှင် အားကြီးအင်ကြီးဖြင့် အမျိုးသားစာပေပါဝင်သော အမျိုးသားယဉ်ကျေးမှု ကို ဖြိုချဖျက်ဆီး၏ ။

အဖျက်သမားသည် အမျိုးသားယဉ်ကျေးမှုကို နည်းနှစ်နည်းဖြင့် ဖျက်ဆီး၏ ။ တစ်နည်းမှာ ဗုန်းဗုန်းလဲပြိုကျပျက်စီးအောင် လုပ်ကြံဖျက်ဆီးသော နည်းဖြစ်သည်။ ဒုတိယနည်းကား ချွတ်ချော် တိမ်းပါးကုန်အောင် လုပ်ပစ်ခြင်းဖြစ်သည်။ သေသေချာချာကို သေချာ။ အေးအေးဆေးဆေးကို အေးဆေးဟု ပြောဆိုသုံးစွဲသူတွင် အမှန်ကို မသိသောကြောင့် ရောက်တတ်ရာရာ သုံးစွဲသူပါသည့် နည်းတူ သိလျက်နှင့် ပျက်စီးစေရန် တမင်ပြောဆိုသုံးစွဲသူများလည်း ပါဝင်ပေ၏ ။ ဤနည်းကား ဒုတိယနည်းဖြစ်ပေ၏ ။ ဥုံဖွ အဆောင်ယတြာများဖြင့် မှိုင်းတိုက်ခြင်းကား အခြားလမ်းဖြစ်၏ ။

အမျိုးသားရေး ယဉ်ကျေးမှုနယ်ပယ်တွင် ဤကဲ့သို့ ရာသီဥတုဖောက်ပြန်နေချိန်တွင် တင်မိ ခိုင်၏ ဝတ္ထုတိုများ စုပေါင်းထွက်ပေါ်လာ၏ ။ "မုန့်ပုံး"နှင့် "စိမ်းလန်းသောကြွေ"၊ "ခြင်ထဲကလူ" ဝတ္ထု များသည် ထိထိမိမိရှိလှသည်။ သွေးသောက်နှင့် ရှမဂ၊ မြဂတိ၊ တိုင်းရင်းမေတို့သာရှိသော အချိန် အခါမျိုးသာဖြစ်ပါမူ၊ တင်မိခိုင်၏ ထိုသုံးပုဒ်သည် စာဖတ်ပရိသတ်၏ ပါးစပ်ဖျား၌ တင်ကျန်ရစ် လောက်ပေသည်။

"မုန့်ပုံး"သည် သစ္စာရှိသော အရာထမ်းတစ်ဦးအကြောင်းဖြစ်သည်။ လက်တွေ့နယ်ပယ် တွင် မရှိပါဟု ပြော၍ မရပေ။ လက်တွေ့နယ်ပယ်တွင် လုံးဝမရှိပါဟု ကံသေကံမ ပြောနိုင်သူရှိလျှင် လည်း ထိုအရာထမ်းမျိုးကို တမ်းတမျှော်ခေါ်သော ဝတ္ထုမျိုးဖြစ်သဖြင့် ကြိုဆိုအပ်၏ ။

"စိမ်းလန်းသောကြွေ"ကား ထေရဝါဒဗုဒ္ဓဘာသာတိုင်းမြင်နိုင်သော

မြင်ကောင်းသော အမြင် ဖြစ်၏။ သို့ရာတွင် ထိုတင်မိခိုင်၏ အရေးအသား စာစီအကုံးက ထိုဘက်သို့ ဦးတည်မလှည့် ပေ။ အလှအပတွင် နစ်မြော၊နေရာမှ ရုတ်တရက် တရားဓမ္မအမြင်ဘက်သို့ လှည့်လိုက်ခြင်းဖြစ် ၏။ သိပင်သိသော်ငြား ရေးဖွဲ့ရန် အကြောင်းနည်းသော ဝတ္ထုကောင်းတစ်ပုဒ်ဟု ဆိုနိုင်၏။

"ခြင်းထဲကလူ"သည် လောကသဘာဝဖြစ်၏။ လောကသဘာဝကို ဖော်ပြရာတွင် မိမိကိုယ် တိုင်ပါ ကျန်မနေခဲ့သဖြင့် ပိုမိုလေးနက်သည်။

အမျိုးသားယဉ်ကျေးမှုများ ရိုက်ဖွဲ့ဖျက်ချိုးခံနေရချိန်တွင် မိရိုပ်ဖရိုပ် ဆွေရိုပ်မျိုးရိုပ်တို့၏ အလှအပတို့ဖြင့် တန်ဆာဆင်သော အမျိုးသားမှု၊ အမျိုးသားငွေ့ပါသော ဤဝတ္ထုများကို ဖတ်ရှုရ သည်မှာ ဝမ်းသာဖွယ်ဖြစ်ပေ၏။

**ဆင်ဖြူကျွန်းအောင်သိန်း**

**၂၄.၉.၂၀၀၈**

*

## ပြီးတော့ ................ လူကိုပါယူသည်

သူငယ်ချင်းသုံးယောက်တွင် တစ်ယောက်က အသားဖြူဖြူ အရပ်ရှည်ရှည်မို့ ဗိုုင်းဖြူ၊ တစ် ယောက်က အသားနက်ကလေးမို့ ကျီးမဲ၊ တစ်ယောက်က ဂဂပုပုဖြူဖြူမို့ ပရပ်လုံးရယ်လို့ အချင်းချင်း နာမည်ပေးထားကြသည်။

သူတို့၏ နာမည်ရင်းလေးတွေက ခပ်ဆင်ဆင်တူနေကြသည်။

အောင်နိုင်ဦး၊

အောင်ဇော်ညွန့်၊

ထူးထူးအောင်၊

နိုင်နှင့်ဇော်သည် နှစ်ယောက်စလုံး အရပ်မတိမ်းမယိမ်းရှိကြသည်။ ငါးပေ ဆယ့်တစ်လက်မ စီပင်။ နိုင့်တွင် ဖြူဖြူဝင်းဝင်း အသား၊ နက်မှောင်ပျော့ပျောင်းအိခွေနေသော ဆံပင်၊ မျက်ခုံးထူထူ၊ မျက်လုံးကြည်ကြည်ဝိုင်းဝိုင်း၊ မျက်တောင်ထူကလေး ကော့မှောင်မှောင်၊ နှာတံဖြောင့်ဖြောင့်၊ နှုတ် ခမ်းပါးရဲရဲ၊ ဖွေးဖွေးညီညာသော သွား၊ ပြုံးလျှင်မြင်ရသော ပါးချိုင့်၊ အရပ်နှင့် လိုက်ဖက်သည့် ကိုယ် ဟန် စသည်ဖြင့် အစစအပြစ်ရှာမရအောင် လှပချောမွေ့လွန်းလှသည်။

ဇော်သည်ကား နိုင်လိုပင် အရပ်ရှည်ရှည် ကိုယ်ဟန်တူသော်လည်း ဇော့်အသားများက မဖြူမညိုဘဲ မဲမှောင်နေရသည့်အထဲ မျက်လုံးမျက်နှာပေါက်ကလည်း မလှရှာ။

ထူးကတော့ ဘယ်လို ဆုတောင်းမျိုးကြောင့်မသိ။ သူတို့ နှစ်ယောက်ကြားမှာ ပုတက်တက် ကလေးဖြစ်နေရသည်။ ထူးသည် အသားဖြူသော်လည်း ယောကျ်ားလေးဖြစ်သော နိုင့်လောက်ပင် အသားမလှ။

အရပ်ကလည်း ငါးပေမျှပင် မပြည့်ချင်ပြည့်ချင်။ မျက်နှာနှင့် ကိုယ်လုံးကလေးက ဂဂ ဖောင်းဖောင်းကလေးမို့သာ တစ်မျိုး ချစ်စရာကောင်းနေရသည်။

နိုင်၊ဇော်နှင့် ထူးတို့ သုံးယောက်သည် ဆယ်တန်းကို အတူတူ မအောင်ခဲ့ကြပေ။ ဇော်သည် (က) စာရင်းနှင့် အောင်၍ ထူးသည် (ခ)စာရင်းမှ အောင်ကာ နိုင်မှာ လုံးလုံးကျခဲ့လေသည်။ ထူး က ကျောင်းပြန်တက်ပြီး နိုင်က အပြင်မှာ အလွတ်ဖြေမည်ဆိုသည်။

တစ်နေ့တွင် ဇော်နှင့် နိုင် ထူးတို့အိမ် ရောက်လာသည်။ ဇော်က ....

"နင့်ကို လာနှုတ်ဆက်တာ"

ထူးက တအံ့တသြဖြစ်နေမိစဉ် နိုင်က .....

"ဒီကောင်က စစ်တက္ကသိုလ် သွားတော့မယ်တဲ့"

"ဟင် ငါတောင် ဘာမှ ကြိုမသိရပါလား"

"အေး .. ငါလျှောက်ထားတာ ကြာပြီကွ၊ နင်တို့သိရင် တားမှာစိုးလို့"

"ငါလည်း ဒီနေ့မှ သိတာပဲ"

နိုင်ကပါ ဝင်၍ ပြောသည်။ ထူးက မယုံသလို၊ စိတ်မချသလိုနှင့် ..........

"နင်တကယ်သွားမှာလား။ နင့်အိမ်က ဒီသားလေးတစ်ယောက်ရှိတာ သဘောတူတယ် လား။ အင်း ... နင်တော့ အဲဒီ က ဆင်းရင် စစ်တိုက်နေရတော့မှာပဲ"

"ဟ ... ထူးရ၊ ငါက အဲဒီ လို တိုက်ချင်လို့ တမင်လျှောက်တာ"

"ဒီကောင် သေချင်လို့"

နိုင်က ခပ်မဲ့မဲ့ဆိုလိုက်၍ ဇော်က ခပ်အေးအေးပင် ဆိုလေသည်။

"သေပါစေကွာ၊ ဆယ်ခါပြန် သေစမ်းပါစေ၊ တိုင်းပြည်အတွက်

အသက်စွန့်ရတာ ဂုဏ်ယူပါ တယ်ကွာ၊ ရဲဘော်မသေ .. သေသော် ငရဲမလားတဲ့”

“အဟော် … မင်းက သေတာတောင်မှ ရှာကြံ ဂုဏ်ယူနေသေး”

နိုင်က ခပ်လှောင်လှောင် ပြောင်လိုက်သည်နှင့် ဇော်က နိုင့်ကို စေ့စေ့ကြည့်ကာ ….

“ဒီမှာ ဟေ့ကောင်နိုင်၊ လူက တစ်ခါမွေးရင် တစ်ခါတော့ သေရမှာပဲ။ ဒါပေမယ့် အသက် ပေးရတာ ခြင်းအတူတူ တိုင်းပြည်အတွက်ပဲ အသက်ပေးနိုင်မယ်။ တခြား ဘာအတွက်မှ ငါ့

ထူးတစ်ယောက်ထဲ မသုံးရဘဲ နိုင်နှင့် ခွဲဝေသုံးရသလို ပါသမျှ ပိုက်ဆံ အကုန်မတောင်းသည်ကိုပင် ထူးက ကျေးဇူးပြန်တင်နေရသည်။

ထူးအံ့သြရသည်က နိုင့်ကို။

နိုင့်မိဘသည် မဆင်းရဲ။ သူဌေးနာမည်တပ်မခံရသော်လည်း ပါများ ကြွယ်ဝပါသည်။ နိုင့် ဖေဖေက အရာရှိငယ်တစ်ယောက်၊ နိုင့်မေမေက အထက်တန်းပြဆရာမတစ်ဦး၊ သားသမီးဆို၍ နိုင်တို့ ညီအစ်ကိုနှစ်ယောက်သာ ရှိသည်။ သို့သော် နိုင်တို့ ညီအစ်ကိုသုံးရန် ပိုက်ဆံကို တစ်လတစ် ခါ အတိုင်းအတာနှင့် ပေးလေ့ရှိသည်ကို ထူးသိထားသည်။

“နိုင်ဘာဖြစ်လို့ ဒီလောက်သုံးနေရလဲ။ ဘာတွေ လုပ်နေလို့လဲ”

သည်အတွေးကြောင့်ပင် နိုင့်ကို ခပ်တည်တည် ပြောခဲ့သည်။

“ နင် …. သိပ်ဖြုန်းနေပါလား”

နိုင်က ဘာမှ ပြန်မပြောဘဲ လျော့ရဲရဲ ပြုံးလေသည်။ ထူးက နိုင့်ကို သတိထားကြည့်မိလိုက် သည်။

နိုင့်ကိုယ်ခန္ဓာက ပိန်ညှော်ညှော်ဖြစ်နေသလို အသားအရေကလည်း ဖြူလျော်လျော်။ ကိုယ် ခန္ဓာက ကျသွားသဖြင့် မြင့်သော သူ့အရပ်သည်

ကိုင်းနေသည်။ အရင်လို မားမားမတ်မတ် မရှိ တော့။ ကြည်လင်ဝိုင်းစက်ခဲ့သော သူ့မျက်လုံးတို့ကလည်း ရီဝေဝေ မှုန်မှိုင်းမှိုင်း။

ထူးသည် နိုင့်ကို သက်မကင်းဖြစ်လာပြီး ကောက်ကာငင်ကာ မေးလိုက်သည်။

“ နိုင် ဆေးစွဲနေသလား”

နိုင်က ပခုံးကို ဆတ်ခနဲ ဟန်ပါပါတွန့်လိုက်သည်။

“နင် နံပါတ်ဖိုး ချနေသလား၊ ဘိန်းဖြူရှူနေသလားလို့ ..............”

နိုင်သည် မချိုမချဉ်မျက်နှာပေးနှင့် ထူးကို မလှုပ်မယှက်ကြည့်နေသည်။

“ဟဲ့ နိုင် ၊ ငါမေးနေတယ်လေ”

“ဖြေနေရဦးမှာလား”

နိုင့်အသံက လေးတွဲ့တွဲ့ ထွက်လာပါသည်။ ထူးသည် မျက်လုံးမျက်ဆံပြူးကာ ထိတ်လန့် တကြား ....

“ဟင် ... ဒါ .. .ဒါဖြင့် ငါပြောတာ ဟုတ်တယ်ပေါ့။ နင် အဲဒါတွေ လုပ်နေတယ်ပေါ့”

“ဒါဆန်းသလားဟ၊ ဘာထူးခြားလို့လဲ ၊ ငါ့ဟာငါ ဘာလုပ်လုပ်ပေါ့။ ကဲ ငါ့ကို ပိုက်ဆံ ပေးမှာ သာပေးစမ်းပါဟာ။ နင်ကလည်း အရပ်သာမရှည်တာ၊ လျှာကတော့ အရှည်သားပဲ”

ထူးသည် ခပ်ဆတ်ဆတ်ပင် နိုင့်ကို ..............

“မပေးနိုင်ဘူး ၊ ငါ့ပိုက်ဆံကို တစ်ပြားမှ မပေးဘူး။ အစက နင် ဒါတွေလုပ်မှန်းမသိလို့ ပေးခဲ့ မိတာ။ ငါ လူမိုက်အားပေး အဖြစ်မခံနိုင်ဘူး။ ငါ့ဆီက ပိုက်ဆံကို အခုလည်း မပေးဘူး၊ နောက် လည်း မမျှော်လင့်နဲ့တော့”

နိုင်က ပြုံးစိစိ လုပ်နေသည်။ ပြည့်တင်းခဲ့သော ပါးသည် လျော့ရဲ ချောင်ကျလျက်ရှိနေပြီ ဖြစ်သောကြောင့် နိုင်ပြုံးသော်လည်း အရင်လို ပါးချိုင့်ကလေး မမြင်ရတော့ပါ။

"ငါတကယ်ပြောနေတာ ၊ ပြောင်စပ်စပ်လုပ်မနေနဲ့၊ ငါ့ဆီကမရလည်း ဖြစ်ပါတယ်။ နင့်မှာ လက်စွပ်တွေ ဆွဲကြိုးတွေ၊ နာရီတွေ ရှိသားပဲ"

ထူးက ခပ်ငေါ့ငေါ့ ပြောမိရာ .........

"နင်ပြောတာ နောက်ကျသွားပြီ၊ ငါ့မှာ အဲဒါတွေ မရှိတော့ဘူး ....."

"ဟယ် ...."

ထူး .... အံ့ဩတုန်လှုပ်သွားသည်။ ထူးနှင့် ဇော်တို့၏ အချစ်ဆုံး သူငယ်ချင်း နိုင်၊ ပရပ်လုံး၊ ကျီးမဲတို့၏ သူငယ်ချင်း ဗျိုင်းဖြူသည် ဘိန်းဖြူသမားလေး ဖြစ်နေပါရောလား။

"အကောင်းအကန်း မဟုတ်တဲ့အလုပ်၊ ပိုက်ဆံကုန်၊ ကျန်းမာရေးထိခိုက်၊ နင့်ကိုနင် မှန်ထဲပြန်ကြည့်စမ်း၊ အရင်နဲ့ တူသေးရဲ့လားလို့၊ ငါ ... ငါ သိပ်ရှက်တာပဲ။ နင် အခု ဘိန်းစားဖြစ်နေ ပြီ။ သိရဲ့လား။ ကိုယ့်ကိုယ်ကို ဘယ်ဘဝရောက်နေပြီဆိုတာ ပြန်စဉ်းစားမိရဲ့လားကွ .... ဟင်"

"ဘာ ဘိန်းစား ...ဟုတ်လား။ ဟင်း .... ဟင်း လေးဖြူဖြူကို ဘိန်းစားလို တစ်ပဲခြောက်ပြား နဲ့များ တွေ့နိုင်မယ်ထင်လို့လား။ ငွေပေါတဲ့သူမှ လေးဖြူဖြူနဲ့ ဆုံရတာ နော့"

"အေး .. နင်က သူဌေးဘိန်းစားဖြစ်ရတာ ဂုဏ်ယူနေသလားဟင်၊ ဒီမှာ နိုင် နင်ဒီလို ဘိန်း ဖြူသမားဖြစ်နေသရွေ့၊ ငါ နင့်ကို မခေါ်ဘူး၊ ဒါ နောက်ဆုံးစကားပဲ"

ထူးသည် စိတ်လိုက်မာန်ပါ ပြောလိုက်မိသည်။ တကယ်တမ်းလည်း

နိုင့်ကို ကြောက်သွား သည်။ ရှုံ့သွားသည်။ ရှက်စရာလည်း ကောင်းလှသည်။ ငယ်ငယ်ကတည်းက ချစ်ခင်ရင်းနှီးခဲ့ရ သော သူငယ်ချင်းမို့ ယူကြုံးမရလည်း ဖြစ်မိသည်။

နိုင်က ချာကနဲ လှည့်ထွက်သွားသည်။ ထူးကို ဘာတစ်ခွန်းမှ ပြန်မပြောတော့။ နှုတ်ဆက်၍ ပင်မသွား။

သည်ကတည်းက နိုင့်ကို ထူးမတွေ့ရတော့။

*

"ဟယ်...."

ထူးသည် ခေါင်းထဲတွင် မိုက်ခနဲ ဖြစ်သွားပြီး တုန်လှုပ်သွားရသည်။ ကိုင်ထားသော သတင်း စာထဲက စာလုံးများကို ရင်တထိတ်ထိတ်ဖြင့် ပြန်ဖတ်မိပြန်သည်။

အောင်နိုင်ဦး

အသက် (၂၁)နှစ်

သတ္တဗေဒနောက်ဆုံးနှစ်။

နိုင်သည် လေးဖြူဖြူ ခေါ်ဆောင်ရာနောက်ကို ကောက်ကောက်ပါအောင် လိုက်သွားပါပြီ။ လေးဖြူဖြူအတွက် နိုင့်မှာ လက်စွပ်၊ ဆွဲကြိုး၊ နာရီတွေ ကုန်ခဲ့ရသည်။ ငွေတွေလည်း ကုန်ခဲ့ရ သည်။ ယခုတော့ လေးဖြူဖြူက နိုင့်ကို အပါခေါ်ယူသွားလေပြီတကား။

နိုင့်ကို ပြောခဲ့ဖူးသော ဇော့်စကားကိုပါ ထူးက သတိရနေမိသည်။

"ဒီမှာဟော့ကောင် နိုင်၊ လူဟာ တစ်ခါမွေးရင် တစ်ခါတော့ သေရမှာပဲ။ ဒါပေမယ့် အသက် ပေးရတာ ခြင်းအတူတူ တိုင်းပြည်အတွက်ပဲ အသက်ပေးနိုင်မယ်။ တခြားဘာအတွက်မှ ငါ့အသက် ကို မပေးနိုင်ဘူးဟေ့"

နိုင်သည်ကား ဘိန်းဖြူအတွက် အသက်ပေးဆပ်လိုက်ရခြင်းဟု ထူးနားလည်လိုက်သည်။ နိုင်သည် ဘိန်းဖြူ၏ ကျေးကျွန်စစ်စစ် ဖြစ်သွားရရှာသည်။ နိုင့်ဘဝသည် တတိတိဖြင့် တအိအိ တရိရိ လုံးပါးပါးခဲ့ရသည်။

*

နိုင်သည် ရုပ်ပျက်ဆင်းပျက် ဖြစ်နေသည်။ အရင်က ငေးကြည့်ယူရလောက်အောင် လှပ ချောမောခဲ့သော နိုင့်ရုပ်ဆင်းသဏ္ဍာန်ကို ပြန်ဖမ်း၍ ပင် မမိနိုင်။

နိုင့်အလှတို့ကား ရှာမရတော့။

နိုင့်ဘဝသည်လည်း ချုပ်ငြိမ်းခဲ့ပြီ။

ထူးသည် ငြိမ်သက်နေသော နိုင့်ကိုကြည့်ကာ ယူကျုံးမရသော မျက်ရည်တို့က ယိုစီးနေ သည်။

"ဒုတ် ... ဒုတ် ... ဒုတ်"

နိုင့်ခေါင်းကို မြေမြှုပ်သင်္ဂြိုဟ်ကြမည့် သူတို့က နိုင့်ရုပ်ကလာပ်ထည့်ထားသည့် သေတ္တာ ခေါင်းကို ထုရိုက်ကာပိတ်လိုက်သည့်အသံသည် ထူးနှင့်ဇော်တို့၏ ရင်ကို အရှိန်ပြင်းစွာ လာဆောင့် လိုက်သလိုပင်။

သေတ္တာမြေကျင်းထဲရောက်သွားချိန်တွင် နိုင်နှင့်ဘယ်တော့မှ ပြန်တွေ့ရတော့မှာ မဟုတ် ဘူးဆိုသော အသိဝင်လာကာ ထူးသည် မထိန်းနိုင်မသိမ်းနိုင်တော့ဘဲ ရှိုက်ကာ ရှိုက်ကာ ငိုမိသည်။

ဇော်နှင့်ထူးသည် မြေစိုင်ခဲတစ်ခုစီကို ကျင်းထဲသို့ ချလိုက်သည်။ ဇော့်မျက်နှာသည် မှုန်မှိုင်း မှိုင်းနှင့်ကြေကွဲမှုက ထင်ဟပ်နေသည်။ ဇော်သည် အံကို တင်းတင်းကြိတ်ရင်း လက်သီးကို ဆုပ် ချည်ဖြန့်ချည် ဖြစ်နေသည်။ အပြန်ကားပေါ်တွင် ဇော်သည်လည်း ရှိုက်ကာ ငိုမိချေသည်။

ပထမတွင် နိုင်က ဘိန်းဖြူကို ရှူရှိုက်ပါသည်။ နောက်တော့ ဘိန်းဖြူက နိုင့်ကိုဆက်၍ ချူရုံ မြူရုံမက နိုင့်အသားတွေ၊ အသွေးတွေ၊ အရိုးတွေ၊ ပြီးတော့ နိုင့်တစ်ကိုယ်လုံး။

နောက်ဆုံး နိုင့်အသက်ကိုပါ ဘိန်းဖြူက အလွယ်တကူ ယူလေပြီ။ ထူးသည် လှိုက်လှိုက်လှဲ လှဲ ဆုတောင်းမိသည်။

"ဇော်နှင့် ထူးတို့၏ ချစ်လှစွာသော သူငယ်ချင်းနိုင်တစ်ယောက် ဘဝဆက်တိုင်း ဘိန်းဖြူ၏ ကျေးကျွန်မဖြစ်ပါစေနှင့် ............"

ဇော်သည်လည်း ဆန္ဒတစ်ခု ပြုမိသည်။

"အဖူးအညွန့်တို့ခေတ်တွင် အဆိပ်အခိုးအငွေ့များ လွင့်ပါးပျောက်ကွယ်ပြီး ဖြစ်ပါစေသ တည်း...."

**မြဝတီမဂ္ဂဇင်း၊ ၁၉၇၈၊ ဖေဖော်ဝါရီ။**

**(ဤဝတ္ထုကို ပညာရေးကော်မတီ ဒီပလိုမာသင်တန်းတွင် စာရိတ္တပညာ ကျောင်းသင်ခန်းစာ ဘာသာရပ်၌ စံပြပြပညာပေး ဝတ္ထုအဖြစ် ပြဋ္ဌာန်းသင်ကြားခဲ့သည်။ မြန်မာ့အသံမှလည်း ကျောင်း သင်ခန်းစာအသံလွှင့်ခန်းမှ အကြိမ်ကြိမ် ထုတ်လွှင့်ခဲ့သည်။)**

* * **